MONTHLY
# NEWSLETTER
VOLUME [ 1 ]  1st - 31st JANUARY - 2020

AYA SOMPO insurance

*Happy New Year !* **2020**


Shaping Vision 2020, Beyond Insurance 02
Management Retreat Meeting 2019
Corporate Planning Department

AYA Financial Group သည် ကမ္ဘာ့အကြီးဆုံး အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် AIA နှင့် 04
သမိုင်းတွင်နိုင်မည့် ဖက်စပ်လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ခွင့်ရရှိ.....
Corporate Planning Department

အာမခံစနစ်ဆိုသည်မှာ..... 05
「ဆုံးရှုံးမှုများကို မျှဝေခံစားရန် ဆောင်ရွက်ခြင်းမှ စတင်....」
HR Department

လစဉ်ပြုလုပ်လျှက်ရှိသော Birthday Party, Staff Dialogue Session နှင့် 07
ခရစ္စမတ်ကာလ အမှတ်တရ လက်ဆောင်ပစ္စည်းလဲလှယ်ခြင်း
HR Department





အလုံးစုံမော်တော်ယာဉ်အာမခံ 09
「အရေးကြုံရင် ဆုံးရှုံးနစ်နာမှု အနည်းဆုံးဖြစ်အောင် ကာကွယ်ပေးမယ့်....」
Corporate Planning Department



No.23, Kan Yeik Thar Road,
Tha Pyay Gone Ward,
Mingalar Taung Nyunt Township,
Yangon(East), Yangon, Myanmar.

info@ayasompo.com
**Customer Service:**
csinfo@ayasompo.com
**Website Link:**
www.ayasompo.com

+95-9-966662883

# Shaping Vision 2020, Beyond Insurance

## Management Retreat Meeting 2019




၂၀၁၉ခုနှစ်၊ဒီဇင်ဘာလ(၆)ရက်နေ့နှင့်(၇)ရက်နေ့တွင် “Shaping Vision 2020, Beyond Insurance” ခေါင်းစဉ်ဖြင့် Management Retreat 2019 ကိုAwei Metta Hotel တွင် ပြုလုပ်ခဲ့ပါသည်။









ရောမြန်မာ အာမခံအနေဖြင့် Sompo Japan Nipponkoa Insurance Inc. နှင့် အကျိုးတူ ပူးပေါင်းလိုက်ခြင်းဖြင့် ဖြစ်ပေါ်လာသော AYA Sompo Insurance ကုမ္ပဏီ၏အနာဂတ်အတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်အသစ်များ ချမှတ်ရန်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် လိုအပ်ချက်များကို ပြန်လည်သုံးသပ်၍အစီအစဉ်အသစ်များ ပြန်လည်ချမှတ်ခဲ့ပါသည်။

ထို့နောက် သက်ဆိုင်ရာ အကြီးအကဲများမှ ဌာနတစ်ခုချင်းစီ၏ လုပ်ဆောင်ရမည့် အစီအစဉ်သစ်များနှင့် အဆိုပါလုပ်ဆောင်ချက်များသည် AYA Sompo Insurance ၏ အနာဂတ်ရည်မှန်းချက်နှင့် ကိုက်ညီ၍ အထောက်အပံ့ပေးနိုင်သော လုပ်ဆောင်ချက်များဖြစ်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပြီး စည်းလုံးညီညွတ်မှုနှင့် စုပေါင်းလုပ်ဆောင်မှု တိုးတက်စေရန်အတွက်လည်း Team Building ဂိမ်းကစားနည်းများဖြင့် ပျော်ရွှင်စွာ ကစားခဲ့ကြပါသည်။

AYA Sompo Insurance အနေဖြင့် အနာဂတ်တွင် မိတ်ဆွေများ၏ အမှန်တကယ် လိုအပ်ချက်နှင့် ကိုက်ညီသော အာမခံအမျိုးအစားသစ်များကို ပိုမိုကောင်းမွန်လုံခြုံသော အာမခံဝန်ဆောင်မှုများ၊ အဆင့်မြင့်ဆုံး နည်းပညာများဖြင့် ပေးစွမ်းနိုင်ရန်အတွက် လုပ်ဆောင်ချက် အသစ်များ၊ နည်းဗျူဟာအသစ်များကို ချမှတ်ခဲ့ကြပါသည်။

Corporate Planning Department



# AYA Financial Group သည်
# ကမ္ဘာ့အကြီးဆုံး အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် AIA နှင့်
## သမိုင်းတွင်နိုင်မည့် ဖက်စပ်လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ခွင့်ရရှိ.....



AYA Financial Group သည် ကမ္ဘာ့အကြီးဆုံး အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် AIA နှင့် သမိုင်းတွင်နိုင်မည့် ဖက်စပ်လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ခွင့်ရရှိခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ လူတစ်ဦး တစ်ယောက်ချင်းစီအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသော AYA Financial Group သည် ကမ္ဘာ့အကြီးဆုံး အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် AIA နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်အတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်မိပါသည်။ အဆိုပါပူးပေါင်းမှုမှတဆင့် AIA နှင့် Max Myanmar Group တို့၏ အနာဂတ်အတွက်လည်း ပိုမို အကျိုးဖြစ်ထွန်းစေရန် ပူးပေါင်းလက်တွဲလုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း Sompo Japan Nipponkoa အား ကျွန်ုပ်တို့၏အထွေထွေအာမခံမိတ်ဖက်ကုမ္ပဏီအဖြစ် လက်တွဲပြီး နှစ်ပတ်အကြာတွင် လက်တွဲနိုင်သော ဤပူးပေါင်းမှုကြောင့် AYA Financial Group အတွက် အလွန်ကောင်းမွန်သော နှစ်တစ်နှစ်ဖြစ်ပါသည်။

AYA Financial Group နှင့် Max Myanmar Group ရှိ ဝန်ထမ်းများအနေဖြင့် ကမ္ဘာ့အကြီးဆုံး အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် AIA နှင့်ပူးပေါင်းခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

Better & Stronger Together!

Corporate Planning Department

# အာမခံစနစ်

## ဆိုသည်မှာ......



"ဆုံးရှုံးမှုများကို မျှဝေခံစားရန် ဆောင်ရွက်ခြင်းမှစတင်ပြီး အာမခံစနစ် စတင်ပေါ်ပေါက်လာခဲ့.........."

အာမခံစနစ်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်ခဲ့သည်။ ရှေးယခင်က ပင်လယ်ရေကြောင်း ကုန်သွယ်မှုများတွင် ကုန်သည်များသည် ဆုံးရှုံးမှုများစွာကြုံတွေ့ခဲ့ရပြီး ၄င်းဆုံးရှုံးမှုများကို မျှဝေခံစားနိုင်ရန် ဆောင်ရွက်ခြင်းမှ အာမခံစနစ် စတင်ပေါ်ပေါက်ခဲ့သည်။ ထိုသို့ရည်ရွယ်ချက်ကောင်းများဖြင့်အခြေပြုစတင်ခဲ့သော်လည်း ရှေးယခင်က စနစ်တကျ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ မရေရာသော ဆုံးရှုံးမှုများကို ပြီးပြည့်စုံစွာ အကာအကွယ်မပေးနိုင်ခဲ့ပေ။ သို့သော် ခေတ်ကာလ ကြာမြင့်လာသည်နှင့်အမျှ

သို့သော် ခေတ်ကာလကြာမြင့်လာသည်နှင့်အမျှ ခေတ်မီတိုးတက်လာသော အာမခံစနစ်တွင်မူ ထိုကဲ့သို့သော ပြဿနာများ မဖြစ်ပွားတော့ပေ။ အာမခံထားသူများကလည်း မိမိတို့ ဆုံးရှုံးနိုင်မည့် ပမာဏများကို စနစ်တကျ စီမံခန့်ခွဲပြီးလိုအပ်သောအာမခံများထားရှိလာသည့်အပြင် ၄င်းတို့ ပေးဆောင်ရမည့် ပရီမီယံများကိုပါ စနစ်တကျ လေးစားလိုက်နာစွာသွင်းဆောင်လာကြသည်။ထို့ကြောင့် အာမခံစနစ်မှာ ပိုမိုတိုးတက် ကောင်းမွန်လာပြီး တစ်ဦးတစ်ယောက်ခြင်းစီအတွက် လုံခြုံမှုများ ပေးနိုင်လာခဲ့သည်။

အာမခံထားမည့် ပစ္စည်း၏ ဖြစ်ပေါ်လာနိုင်မည့် risk အပေါ် မူတည်ပြီး စီစစ်လက်ခံသည့် process ကို underwriting ဟုခေါ်သည်။ ဖြစ်ပေါ်လာနိုင်မည့် risk အပေါ် စီစစ်တွေ့ရှိရသည့် level အလိုက် ပေးဆောင်ရမည့် premium ကွာခြားသွားသည်။ ခေတ်မီတိုးတက်လာသော အာမခံစနစ်တွင် စနစ်ကျ၊ တိကျသော အတိုင်းအတာများဖြင့် အာမခံထားသူတို့အပေါ် မျှတသော ပရီမီယံကြေးကို တွက်ချက် ကောက်ခံပေးသည်။ ဥပမာအားဖြင့် အုတ်ဖြင့်ဆောက်ထားသောအိမ်ထက် သစ်သားအိမ်မှာ Risk ပိုများသည်။ ထို့ကြောင့် အုတ်အိမ်ထက်သစ်သားအိမ်မှာ premiumနှုန်းပိုမိုမြင့်မားသည်။ သို့သော်လည်းစီစစ်သော အခါတွင် အခြားသော အချက်အလက်များစွာလည်းထည့်သွင်း စဉ်းစားလေ့ရှိသည်။ အာမခံတစ်ခုဆောင်ရွက်ရန် အဆင့်ဆင့်သော terms and conditions များစွာကို စိစစ်ပြီး ဆောင်ရွက်ရသည်။

အာမခံစနစ်သည် အန္တရာယ်ကို စီမံခန့်ခွဲခြင်း ပြုလုပ်သည့် စနစ်တစ်ခုဖြစ်သည့်အတွက် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ၏ သဘောသဘာဝကို သိရှိမှသာလျှင် စီစစ်အကဲဖြတ်သည့် လုပ်ငန်းစဉ်ကို စနစ်တကျ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဖြစ်ပေါ်လာနိုင်သော

ခေတ်မီတိုးတက်လာသော အာမခံစနစ်တွင် စနစ်တကျ၊ တိကျသော အတိုင်းအတာများဖြင့် အာမခံထားသူတို့အပေါ် မျှတသော ပရီမီယံကြေးကို တွက်ချက်ကောက်ခံပေးသည်......

အန္တရာယ်များ၏ စီစစ်အကဲဖြတ်ရာတွင် အာမခံထားသော ပစ္စည်း/လူ (subject matters)၏ သတင်းအချက်အလက်များအပြင် အာမခံ အကျိုးခံစားခွင့်နှင့် ဆက်စပ်သူ (Insurable Interest)တို့၏အခြေအနေ သတင်းအချက်အလက်များသည်လည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ဤသို့ ထည့်သွင်းစဉ်းစားခြင်းဖြင့် အရေးပါသည့် (Moral Hazard) စိတ်ပိုင်းဆိုင်ရာ အန္တရာယ်များနှင့် (Physical hazard) ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များ မဖြစ်အောင် ကာကွယ်ပေးသည်။ ထိုသို့ဆိုလျှင် ထို (Hazard) အန္တရာယ်များ ဆိုသည်မှာ အဘယ်နည်းဟု မေးရန် မေးခွန်း ရှိလာပေသည်။



ဆုံးရှုံးမှုပမာဏများကို ပိုမိုဖြစ်ပွားစေခြင်းနှင့် ပိုမိုကြီးမားစေသည့်အကြောင်းအရင်းများအနက် ထိုအန္တရာယ် (Hazard)များအပါအဝင်ဖြစ်သည်။ Moral Hazard ဖြစ်ပွားစေသည့် အကြောင်းအရင်းမှာ မရိုးမသား ကြံစည်ဆောင်ရွက်မှုများကြောင့် ဖြစ်နိုင်သကဲ့သို့ သတိမမူမိသောကြောင့်လည်း ဖြစ်နိုင်သည်။ အာမခံလုပ်ငန်းတွင် အာမခံထားသူက ၎င်း၏ အကျိုးအမြတ်တစ်စုံတစ်ရာ ရည်စူးပြီး အာမခံကုမ္ပဏီကို ချဉ်းကပ်ဆောင်ရွက်ခြင်းဟု ယူဆကြသည်။ ထိုအခါတွင် ရည်ရွယ်၍ သော်လည်းကောင်း၊ မရည် ရွယ်၍ သော်လည်းကောင်း ဖြစ်ပွားတတ်သည်။ physical hazard ဆိုသည့် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်များမှာ ပစ္စည်းများထိန်းသိမ်းထားသည့် စတို (Store)တွင် ဆီ၊ မီးရှူးမီးပန်း အစရှိသော မီးလောင်ကျွမ်းလွယ်သော ပစ္စည်းများကို ရည်ရွယ်ခြင်းဖြစ်သည်။

အာမခံစာချုပ်ချုပ်ဆိုရန် အဆိုပြုလွှာတင်သည့် အချိန်မှ စတင်ပြီး အထူးသဖြင့် moral hazard ကို ရင်ဆိုင်ရလေ့ရှိသည်။ ပရီမီယံကြေး လျော့ပေါ့ဆောင်လိုမှု၊ အခြားသော ကုန်ကျစရိတ်များကို လျော့ကျလိုမှုများကြောင့် အာမခံထားသူများမှာ moral hazard ကို ကျူးလွန်လေ့ရှိကြသည်။ အာမခံ products ကို ဝယ်ယူရန်အတွက် အဆိုပြုလွှာ တင်သည့်အခါတွင် အာမခံထားမည့်ပစ္စည်းနှင့် စပ်လျဉ်းသော အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြရသည်။ တနည်းအားဖြင့်ဆိုသော် အာမခံထားသူသည် အမှန်အတိုင်း ထုတ်ဖော်ပြောကြားရန် Duty of disclose တာဝန်ရှိသည်။ ၎င်းကို ချိုးဖောက်ပါက အာမခံ၏ အခြေခံစည်းကမ်းတွင် ပါဝင်သော Utmost good faith ဟူသော အခြေခံစည်းကမ်းကို ချိုးဖောက်ခြင်း ဖြစ်သည်။ ၎င်းအခြေခံစည်းကမ်းကို ချိုးဖောက်လျှင် အာမခံစာချုပ် မချုပ်ဆိုမီ အချိန်ဆိုပါက အာမခံသူဘက်က စာချုပ်ချုပ်ဆိုရန် ငြင်းဆိုနိုင်သည်။အာမခံစာချုပ်ချုပ်ဆိုပြီးချိန်မှ သိရှိပါကလည်း စာချုပ်စည်းကမ်းကို ဖောက်ဖျက်သည့် Breach of contract နှင့် တူညီသည့်အတွက် အာမခံလျော်ကြေးကို ငြင်းပယ်နိုင်သကဲ့သို့ အာမခံထားသူဘက်မှလည်း အကျိုးခံစားခွင့်များ ဆုံးရှုံးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အာမခံစာချုပ်ချုပ်ဆိုရာတွင် အဓိကကျသော (information) အချက်အလက်များကို မှန်ကန်စွာဖော်ပြီး မျှတသော ပရီမီယံကြေးကို ပေးဆောင်ခြင်းဖြင့် မိမိ၏ ပစ္စည်းများကို စိတ်ချလုံခြုံစွာ အာမခံထားရှိကြပါစို့လို့ တိုက်တွန်းလိုက်ပါသည်။

HR Department

**အဓိကကျသော Information များကိုမှန်ကန်စွာ ဖော်ပြ၍ မျှတသော ပရီမီယံကြေးကိုပေးဆောင်ခြင်းဖြင့် မိမိ၏ပစ္စည်းများကိုစိတ်ချလုံခြုံစွာ အာမခံထားရှိကြပါစို့.....**

# လစဉ် ပြုလုပ်လျှက်ရှိသော Birthday Party, Staff Dialogue Session နှင့် ခရစ္စမတ်ကာလ အမှတ်တရ လက်ဆောင်ပစ္စည်းလဲလှယ်ခြင်း

HR Department အနေဖြင့် ဂန်ထမ်းများအလုပ်ခွင်တွင် ပျော်ရွှင်စိတ်အားတက်ကြွလာစေရန်နှင့် အချင်းချင်း ဖေးမကူညီတတ်ပြီး ပူပေါင်းလုပ်ဆောင်တတ်စေရန် အစီအစဉ်များစွာကို အခါအားလျှော်စွာ ပြုလုပ်ပေးလျက်ရှိသကဲ့သို့ ဂန်ထမ်းများ၏ တစ်ဦးချင်း စွမ်းဆောင်ရည် မြင့်တက်လာစေရန်နှင့် အလုပ်ခွင်တွင် ပိုမိုထိရောက်စွာ ပါဂင်လုပ်ကိုင်နိုင်ရန်အတွက် ဝန်ထမ်းများနှင့် သင့်တော်သော သင်ယူမှု အခွင့်အလမ်းများကိုလည်း အားစိုက်ဖန်တီးပေးလျက် ရှိပါသည်။




---

**ဝန်ထမ်းများအလုပ်ခွင်တွင် ပျော်ရွှင်စိတ်အား တက်ကြွလာစေရန်နှင့် အချင်းချင်းဖေးမကူညီတတ်ပြီး ပူးပေါင်းလုပ်ဆောင်တတ်စေရန် အစီအစဉ်များစွာကို အခါအားလျှော်စွာ ပြုလုပ်ပေးလျက်ရှိ.....**

---



သို့ဖြစ်ပါ၍ ဝန်ထမ်းများအချင်းချင်း ချစ်ခင်ရင်းနှီးမှုရှိစေရန်၊ အတူတကွ ပူးပေါင်း လုပ်ဆောင်တတ်စေရန်နှင့် အလုပ်ခွင်တွင် ကြုံတွေ့နေရသော အကြောင်းအရာများ အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးနိုင်ရန်



ရည်ရွယ်၍ Staff Dialogue Section၊ မွေးနေ့ပွဲ၊ နှစ်သစ်ကူးနှင့် ခရစ္စမတ်ကာလတွင် အမှတ်တရလက်ဆောင်လဲလှယ်ခြင်းနှင့်အတူ (၃၀၊ ၁၁၊ ၂၀၁၉) မှ (၁၊ ၁၂၊ ၂၀၁၉) ရက်နေ့အထိ ပြုလုပ်ခဲ့သော Insurance Essentials Course သင်တန်းမှ ထူးချွန်၊ အောင်မြင်သော ဝန်ထမ်းများအား ဆု နှင့် Certificate ပေးအပ်ခြင်းအား (၁၈၊ ၁၂၊ ၂၀၁၉) ရက်နေ့တွင် ဧရာဆွန်ပိုအာမခံ ကုမ္ပဏီရုံးချုပ်၌ ပူးတွဲ ကျင်းပခဲ့ပါသည်။

ဧရာဆွန်ပိုအာမခံကုမ္ပဏီ၏ CEO ဦးမျိုးမင်းသူမှ ကုမ္ပဏီ၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ တန်ဖိုးထားမှုများနှင့် နှစ်သစ်တွင်လုပ်ဆောင်မည့် ကုမ္ပဏီ၏ လုပ်ငန်းစဉ်အသစ်များအကြောင်းကို မျှဝေရင်း ဝန်ထမ်းများမှ သိလိုသည်များအား မေးမြန်းကြပြီး ဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။ထို့နောက် Insurance Essentials Course သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဂန်ထမ်းများအား ဆုချီးမြင့်ခြင်းနှင့် သင်တန်း အောင်မြင်စွာ ပြီးမြောက်ခဲ့သူများအား Certificate ပေးအပ်ခြင်းတို့ကို ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။ ယင်းနောက်တွင် ခရစ္စမတ်လက်ဆောင် လဲလှယ်ခြင်းနှင့် မွေးနေ့အတွက် Birthday Cake ခွဲခြင်းအစီအစဉ်တို့ကို ဝန်ထမ်းများအားလုံး ပျော်ပျော်ရွှင်ရွှင် ချစ်ခင်ရင်းနှီးစွာ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

ဧရာဆွန်ပိုအာမခံ ကုမ္ပဏီမှ ဂန်ထမ်းများနှင့်တကွ မိဘပြည်သူများအားလုံး မင်္ဂလာရှိသောနှစ်သစ်လေးမှာ ကံကောင်းခြင်းတွေ ကိုယ်စီကိုယ်ငှ ပိုင်ဆိုင်နိုင်ကြစေကြောင်း စေတနာမွန်ဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

HR Department



# အလုံးစုံမော်တော်ယာဉ်အာမခံ



မကြာခင် ခရစ်စမတ် ရုံးပိတ်ရက်ကိုတောင်ရောက်တော့မယ်နော်။

ခရစ်စမတ်ရုံးပိတ်ရက်တွေမှာ ကိုယ်ပိုင်ယာဉ်လေးနဲ့ အေးအေးဆေးဆေး အလည်အပတ်ခရီးသွားဖို့ စီစဉ်ထားသူများအနေနဲ့ လမ်းခရီးတစ်လျှောက် အရေးကြုံရင် ဆုံးရှုံးနစ်နာမှု အနည်းဆုံးဖြစ်အောင် ကာကွယ်ပေးမယ့် သင်နှင့်သင့်မိသားစုအတွက် ရောဆွန်ပို ခရီးသွားအာမခံနှင့် သင့်မော်တော်ယာဉ်အတွက် အလုံးစုံမော်တော်ယာဉ်အာမခံ အကာအကွယ်ကို ဝယ်ယူသွားဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ရောဆွန်ပိုရဲ့ အာမခံ ပရီမီယံကြေးများကို ရုံးကိုလာစရာမလိုတော့ပဲ AYA Mobile Banking ကနေ တစ်ဆင့် အလွယ်တကူ ပေးသွင်းနိုင်ပြီဆိုတော့ မိတ်ဆွေတို့အတွက် လိုအပ်တဲ့ အာမခံ အကာအကွယ်ကို အချိန်ကုန်သက်သာစွာနဲ့ အလွယ်တကူ ဝယ်ယူနိုင်ပြီပေါ့။

Corporate Planning Department

“လမ်းခရီးတစ်လျှောက် အရေးကြုံရင် ဆုံးရှုံးနစ်နာမှု အနည်းဆုံးဖြစ်အောင် ကာကွယ်ပေးမယ့် ရောဆွန်ပို ခရီးသွားအာမခံနှင့် အလုံးစုံမော်တော်ယာဉ်အာမခံ”

